# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
# နေပြည်တော်

စိုက်ပျိုးရေးမိုးလေဝသစာစောင်
၂၀၂၅ ခုနှစ်၊ မေလ (ပထမ)ဆယ်ရက်ပတ်
နေပြည်တော် (၁၁-၅-၂၀၂၅)

စိုက်ပျိုးရေး
မိုးလေဝသ
ဌာနခွဲ


၂၀၂၅ ခုနှစ်၊ မေလ (ပထမ) ဆယ်ရက်ပတ်အတွင်း
တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် နေ့အပူချိန်များပြပုံ
(ဒီဂရီဖာရင်ဟိုက်)




















## ၂၀၂၅ ခုနှစ်၊ မေလ (ပထမ)ဆယ်ရက်ပတ်အတွင်း မိုးလေဝသအခြေအနေအကျဉ်းချုပ်နှင့် ၂၀၂၅ ခုနှစ်၊ မေလ (ဒုတိယ)ဆယ်ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

၂၀၂၅ ခုနှစ်၊ မေလ (ပထမ)ဆယ်ရက်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေများပေါ်မူတည်၍ စိုက်ပျိုးရေးဆိုင်ရာမိုးလေဝသအချက်အလက်များ အကျဉ်းချုပ်ကို အောက်ပါအတိုင်း ဆန်းစစ်ဖော်ပြအပ်ပါသည်။

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်ခဲ့ပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းခဲ့ပါသည်။

### မိုးရွာသွန်းမှုအခြေအနေ

၂၀၂၅ ခုနှစ်၊ မေလ (ပထမ)ဆယ်ရက်ပတ်အတွင်း မိုးရွာသွန်းမှုအခြေအနေများမှာ- တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မေလ (ပထမ)**ဆ**ယ်ရက်ပတ်၏ ပျမ်းမျှမိုးရေချိန်ခန့်သာရှိခဲ့ပြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မေလ (ပထမ)**ဆ**ယ်ရက်ပတ်၏ ပျမ်းမျှမိုးရေချိန်တို့ထက် ပိုခဲ့ကာ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလ (ပထမ) **ဆ**ယ်ရက်ပတ်၏ ပျမ်းမျှမိုးရေချိန်တို့အောက် လျော့နည်းခဲ့ပါသည်။

***မိုးရွာရက်များအနေဖြင့်-*** မန္တလေးတိုင်းဒေသကြီး(ပြင်ဦးလွင်မြို့)နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် (၅)ရက်မှ (၆)ရက်၊ နေပြည်တော်(ပျဉ်းမနားမြို့)၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး(ဟင်္သာတမြို့)၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်(သထုံမြို့)နှင့် ရှမ်းပြည်နယ်တို့တွင် (၃)ရက်မှ (၄)ရက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်(ပူတာအိုမြို့)၊ ကရင်ပြည်နယ် (မြဝတီမြို့)နှင့် ရခိုင်ပြည်နယ်တို့တွင် (၂)ရက်စီ မိုးထစ်ချုန်းရွာသွန်းခဲ့ပါသည်။

### အမြင့်ဆုံးအပူချိန်အခြေအနေ

၂၀၂၅ ခုနှစ်၊ မေလ (ပထမ)ဆယ်ရက်ပတ်အတွင်း ***(နေ့အပူချိန်)*** အခြေအနေများမှာ- ကချင်ပြည်နယ်တွင် မေလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်ခန့်သာရှိခဲ့ပြီး၊ မကွေးတိုင်းဒေသကြီးတွင် မေလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်အောက် (၅)ဒီဂရီဖာရင်ဟိုက်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင်(၃)ဒီဂရီဖာရင်ဟိုက်မှ (၄)ဒီဂရီဖာရင်ဟိုက်အထိနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် (၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ လျော့နည်းခဲ့ကာ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလ (ပထမ) ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်တို့ထက် (၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ ပိုခဲ့ပါသည်။

### အနိမ့်ဆုံးအပူချိန်အခြေအနေ

၂၀၂၅ ခုနှစ်၊ မေလ (ပထမ)ဆယ်ရက်ပတ်အတွင်း ***(ညအပူချိန်)*** အခြေအနေများမှာ- ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် မေလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်ခန့်သာရှိခဲ့ပြီး၊ ချင်းပြည်နယ်တွင် မေလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်အောက် (၁၀)ဒီဂရီဖာရင်ဟိုက်၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် (၇)ဒီဂရီဖာရင်ဟိုက်စီနှင့် ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး

အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် (၂)ဒီဂရီဖာရင်ဟိုက်မှ (၃)ဒီဂရီဖာရင်ဟိုက်အထိနှင့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် (၁)ဒီဂရီဖာရင်ဟိုက်စီ လျော့နည်းခဲ့ကာ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် မေလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်တို့ထက် (၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ ပိုခဲ့ပါသည်။

## လေထုအတွင်းရေငွေ့ပါဝင်မှုအခြေအနေ

၂၀၂၅ ခုနှစ်၊ မေလ (ပထမ)ဆယ်ရက်ပတ်အတွင်း (***လေထုစိုထိုင်းဆ)*** အခြေအနေများမှာ– နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် (၆၆%)မှ (၇၂%)အတွင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် (၇၃%)မှ (၈၀%)အတွင်း အသီးသီးရှိခဲ့ပါသည်။

## ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ

၂၀၂၅ ခုနှစ်၊ မေလ (ပထမ)ဆယ်ရက်ပတ်အတွင်း ***(ပင်ငွေ့ရေငွေ့ပျံနှုန်း)*** အခြေအနေများမှာ– ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (၃၆ မီလီမီတာ)မှ (၄၇ မီလီမီတာ)အတွင်း၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် (၄၈ မီလီမီတာ)မှ (၅၈ မီလီမီတာ)အတွင်း အသီးသီးရှိခဲ့ပါသည်။

*(ဖြစ်နိုင်ခြေပင်ငွေ့ရေငွေ့ပျံနှုန်းအား* **HARGREAVES METHOD** *ဖြင့် တွက်ချက်ထားပါသည်။)*

## မြေဆီလွှာအောင်းရေအခြေအနေ

၂၀၂၅ ခုနှစ်၊ မေလ (ပထမ)ဆယ်ရက်ပတ်အတွင်း (***မြေဆီလွှာစိုစွတ်မှု)***အခြေအနေများမှာ– ရန်ကုန်တိုင်းဒေသကြီးတွင်(ပြည့်ဝ)အခြေအနေ၊ မကွေးတိုင်းဒေသကြီးတွင် (စိုစွတ်)အခြေအနေနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိခဲ့ပါသည်။

# ၂၀၂၅ ခုနှစ်၊ မေလ (ဒုတိယ)ဆယ်ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင်မုတ်သုံလေသည် မေလ ၁၂ ရက်နေ့မှ ၁၄ ရက်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ လည်းကောင်း၊ မေလ ၁၅ ရက်နေ့မှ ၁၈ ရက်နေ့အတွင်း မြစ်ဝကျွန်းပေါ်ဒေသများသို့ လည်းကောင်း၊ မေလ ၁၉ ရက်နေ့မှ ၂၄ ရက်နေ့အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ လည်းကောင်း အသီးသီးဝင်ရောက်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေဖိအား နည်းရပ်ဝန်း (၁)ကြိမ် ဖြစ်ပေါ်နိုင်ပြီး၊ ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

## မိုးအခြေအနေ

မိုးရွာသွန်းမှုအခြေအနေမှာ– နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

## မိုးရွာရက်

မိုးရွာရက်အနေဖြင့်– ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၇ ရက် မှ ၉ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၄ ရက်မှ ၆ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

## နေ့အပူချိန်

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မေလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်ပါသည်။

**စိုက်ပျိုးရေးမိုးလေဝသဌာနခွဲ**

**နောက်ဆက်တွဲ(က)**

## ၂၀၂၅ ခုနှစ်၊ မေလ (ပထမ)ဆယ်ရက်ပတ်အတွင်း မိုးရွာသွန်းမှု၊ အပူချိန်၊ စိုထိုင်းဆနှင့် ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေနှင့် ပျမ်းမျှမှကွာဟချက်

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မြို့ | မိုးရေချိန် | ပျမ်းမျှမှ ကွာဟချက် | မိုးရွာရက် | အမြင့်ဆုံး အပူချိန် (ဒီဂရီဖာရင်ဟိုက်) | | အနိမ့်ဆုံး အပူချိန် (ဒီဂရီဖာရင်ဟိုက်) | | စိုထိုင်းဆ(%) | | ပင်ငွေ့ ရေငွေ့ ပျံနှုန်း(မမ) | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | (မမ) | (%) | | အမှန် | ကွာဟချက် | အမှန် | ကွာဟချက် | အမှန် | ကွာဟချက် | အမှန် | ကွာဟချက် |
| ၁။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ၁၀ | -၇၆ | ၁ | ၉၂ | ၀.၁ | ၆၃ | -၇.၃ | ၇၃ | ၁.၄ | ၅၄ | ၄.၅ |
| ၂။ | ချင်းပြည်နယ် | ဟားခါး | ၄၂ | ၃ | ၃ | ၇၅ | -၁.၂ | ၄၅ | -၉.၈ | ၇၆ | ၅.၈ | ၄၁ | ၀.၂ |
| ၃။ | ရှမ်းပြည်နယ် (မြောက်) | လားရှိုး | * | * | * | ၈၆ | -၃.၆ | ၆၇ | ၁.၄ | ၇၄ | ၅.၂ | ၄၃ | -၈.၉ |
| ၄။ | ရှမ်းပြည်နယ် (တောင်) | တောင်ကြီး | ၄၁ | -၃ | ၄ | ၇၉ | -၃.၅ | ၆၃ | -၀.၃ | ၇၅ | ၇.၇ | ၃၆ | -၈.၃ |
| ၅။ | ရှမ်းပြည်နယ် (အရှေ့) | ကျိုင်းတုံ | ၃၅ | ၁၆ | ၃ | ၈၉ | -၂.၆ | ၆၉ | ၁.၉ | ၇၁ | ၅.၂ | ၄၇ | -၈.၁ |
| ၆။ | ကယားပြည်နယ် | လွိုင်ကော် | ၅၉ | ၅၆ | ၃ | ၈၈ | -၂.၅ | ၆၆ | -၃.၀ | ၇၂ | -၁၄.၇ | ၄၇ | ၉.၂ |
| ၇။ | ကရင်ပြည်နယ် | ဘားအံ | ၆ | -၉၁ | ၁ | ၉၉ | ၁.၉ | ၇၈ | ၁.၆ | ၇၁ | -၂.၉ | ၅၂ | ၃.၁ |
| ၈။ | မွန်ပြည်နယ် | မော်လမြိုင် | ၃၈ | -၆၃ | ၂ | ၉၅ | ၀.၉ | ၇၈ | ၁.၂ | ၇၄ | -၀.၁ | ၄၅ | ၀.၂ |
| ၉။ | ရခိုင်ပြည်နယ် | စစ်တွေ | ၆၇ | ၄၂ | ၂ | ၉၂ | -၀.၆ | ၇၀ | -၆.၇ | ၈၀ | ၂.၀ | ၄၄ | ၃.၇ |
| ၁၀။ | နေပြည်တော် | ရေဆင်း | ၁၂ | -၆၇ | ၁ | ၁၀၀ | ၁.၄ | ၇၇ | ၁.၂ | ၆၈ | -၂.၀ | ၅၈ | ၁.၈ |
| ၁၁။ | မန္တလေးတိုင်းဒေသကြီး | မန္တလေး | ၅၉ | ၁၀၃ | ၃ | ၉၆ | -၄.၄ | ၇၈ | -၀.၆ | ၇၂ | ၇.၄ | ၄၉ | -၁၀.၉ |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး(အထက်) | ဟုမ္မလင်း | ၅၂ | ၅၄ | ၃ | ၉၅ | ၁.၀ | ၆၇ | -၃.၀ | ၇၁ | -၁.၉ | ၅၇ | ၄.၇ |
| ၁၃။ | စစ်ကိုင်းတိုင်းဒေသကြီး(အောက်) | မုံရွာ | ၃၀ | ၆၉ | ၃ | ၉၈ | -၄.၁ | ၇၈ | ၁.၀ | ၆၆ | ၂.၇ | ၅၅ | -၉.၁ |
| ၁၄။ | မကွေးတိုင်းဒေသကြီး | မကွေး | ၁၀၃ | ၆၇၄ | ၃ | ၉၉ | -၅.၄ | ၇၇ | ၁.၂ | ၆၆ | ၇.၈ | ၅၇ | -၁၄.၂ |
| ၁၅။ | ပဲခူးတိုင်းဒေသကြီး (တောင်) | ပဲခူး | ၁၀ | -၈၃ | ၂ | ၉၈ | -၀.၆ | ၇၄ | -၀.၈ | ၇၅ | ၂.၀ | ၅၁ | -၁.၆ |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး (အရှေ့) | တောင်ငူ | ၇ | -၈၁ | ၂ | ၉၇ | -၂.၃ | ၇၆ | -၀.၁ | ၇၄ | ၄.၀ | ၄၉ | -၅.၈ |
| ၁၇။ | ပဲခူးတိုင်းဒေသကြီး (အနောက်) | ပြည် | ၈ | -၃၅ | ၂ | ၉၈ | -၁.၈ | ၇၇ | -၁.၉ | ၇၅ | ၈.၃ | ၅၁ | -၆.၁ |
| ၁၈။ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန် | ၁၀၅ | ၅၈ | ၃ | ၉၆ | -၂.၃ | ၇၇ | ၁.၁ | ၇၃ | ၁.၅ | ၄၇ | -၅.၅ |
| ၁၉။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ၂၉ | -၁၉ | ၂ | ၉၅ | -၂.၁ | ၇၆ | -၁.၆ | ၇၄ | ၃.၁ | ၄၆ | -၃.၄ |
| ၂၀။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၄၆ | -၅၁ | ၆ | ၉၆ | ၁.၉ | ၇၄ | -၀.၉ | ၇၉ | ၁.၈ | ၄၅ | ၂.၀ |

**မိုးရေချိန်(-၂၀%)နှင့် (+၂၀%)အကြားရှိပါက ပျမ်းမျှခန့်ဟု သတ်မှတ်ပါသည်။**

**၂၄နာရီအတွင်း ရွာသွန်းသော မိုးရေချိန် (၂မီလီမီတာနှင့်အထက်) မိုးရွာရက်(၁)ရက်ဟုသတ်မှတ်ပါသည်။**

နောက်ဆက်တွဲ(ခ)

၂၀၂၅ ခုနှစ်၊ မေလ (ပထမ)ဆယ်ရက်ပတ်အတွင်း မြေဆီလွှာစိုစွတ်မှုအခြေအနေ

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မိုးရေချိန် | ဖြစ်နိုင်စွမ်း ပင်ငွေ့ ရေငွေ့ ပျံနှုန်း | အမှန် ပင်ငွေ့ ရေငွေ့ ပျံနှုန်း | မြေဆီလွှာစိုစွတ်မှု အခြေအနေ(မမ) | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | (မမ) | (မမ) | (မမ) | စုဆောင်း | ပိုရေ | လိုရေ | |
| ၁။ | ကချင်ပြည်နယ် | ၁၀ | ၅၄ | ၁၀ | ၀ | ၀ | ၄၄ | ခြောက်သွေ့ |
| ၂။ | ချင်းပြည်နယ် | ၄၂ | ၄၁ | ၄၁ | ၁ | ၀ | ၀ | ခြောက်သွေ့ |
| ၃။ | ရှမ်းပြည်နယ်(မြောက်) | * | * | * | * | * | * | * |
| ၄။ | ရှမ်းပြည်နယ်(တောင်) | ၄၁ | ၃၆ | ၃၆ | ၅ | ၀ | ၀ | ခြောက်သွေ့ |
| ၅။ | ရှမ်းပြည်နယ်(အရှေ့) | ၃၅ | ၄၇ | ၃၅ | ၀ | ၀ | ၁၂ | ခြောက်သွေ့ |
| ၆။ | ကယားပြည်နယ် | ၅၉ | ၄၇ | ၄၇ | ၁၂ | ၀ | ၀ | ခြောက်သွေ့ |
| ၇။ | ကရင်ပြည်နယ် | ၆ | ၅၂ | ၆ | ၀ | ၀ | ၄၆ | ခြောက်သွေ့ |
| ၈။ | မွန်ပြည်နယ် | ၃၈ | ၄၅ | ၃၈ | ၀ | ၀ | ၇ | ခြောက်သွေ့ |
| ၉။ | ရခိုင်ပြည်နယ် | ၆၇ | ၄၄ | ၄၄ | ၂၃ | ၀ | ၀ | ခြောက်သွေ့ |
| ၁၀။ | နေပြည်တော် | ၁၂ | ၅၈ | ၁၂ | ၀ | ၀ | ၄၆ | ခြောက်သွေ့ |
| ၁၁။ | မန္တလေးတိုင်းဒေသကြီး | ၅၉ | ၄၉ | ၄၉ | ၁၀ | ၀ | ၀ | ခြောက်သွေ့ |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး(အထက်) | ၅၂ | ၅၇ | ၅၂ | ၀ | ၀ | ၅ | ခြောက်သွေ့ |
| ၁၃။ | စစ်ကိုင်းတိုင်းဒေသကြီး(အောက်) | ၃၀ | ၅၅ | ၃၀ | ၀ | ၀ | ၂၅ | ခြောက်သွေ့ |
| ၁၄။ | မကွေးတိုင်းဒေသကြီး | ၁၀၃ | ၅၇ | ၅၇ | ၄၆ | ၀ | ၀ | စိုစွတ် |
| ၁၅။ | ပဲခူးတိုင်းဒေသကြီး(တောင်) | ၁၀ | ၅၁ | ၁၀ | ၀ | ၀ | ၄၁ | ခြောက်သွေ့ |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ၇ | ၄၉ | ၈ | ၀ | ၀ | ၄၁ | ခြောက်သွေ့ |
| ၁၇။ | ပဲခူးတိုင်းဒေသကြီး(အနောက်) | ၈ | ၅၁ | ၈ | ၀ | ၀ | ၄၃ | ခြောက်သွေ့ |
| ၁၈။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၅ | ၄၇ | ၄၇ | ၁၀၀ | ၂ | ၀ | ပြည့်ဝ |
| ၁၉။ | ဧရာဝတီတိုင်းဒေသကြီး | ၂၉ | ၄၆ | ၂၉ | ၀ | ၀ | ၁၇ | ခြောက်သွေ့ |
| ၂၀။ | တနင်္သာရီတိုင်းဒေသကြီး | ၄၆ | ၄၅ | ၄၅ | ၂၂ | ၀ | ၀ | ခြောက်သွေ့ |

**(ဖြစ်နိုင်စွမ်း ပင်ငွေ့ရေငွေ့ပျံနှုန်းအား HARGREAVES METHOD ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။)**

နောက်ဆက်တွဲ(ဂ)

## ၂၀၂၅ ခုနှစ်၊ မေလ (ဒုတိယ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးဆိုင်ရာမိုးလေဝသ (ပျမ်းမျှ) အချက်အလက်ခန့်မှန်းချက်များ

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မြို့ | အမြင့်ဆုံးအပူချိန် | အနိမ့်ဆုံးအပူချိန် | ပျမ်းမျှအပူချိန် | စိုထိုင်းဆ | ပင်ငွေ့ရေငွေ့ပျံနှုန်း |
|---|---|---|---|---|---|---|---|
| | | | ဒီဂရီဖာရင်ဟိုက် | ဒီဂရီဖာရင်ဟိုက် | ဒီဂရီဖာရင်ဟိုက် | ပျမ်းမျှ (%) | (မမ/၁၀-ရက်) |
| ၁။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ၉၂ | ၇၂ | ၈၂ | ၇၄ | ၄၇ |
| ၂။ | ချင်းပြည်နယ် | ဟားခါး | ၇၆ | ၅၇ | ၆၆ | ၇၅ | ၃၆ |
| ၃။ | ရှမ်းပြည်နယ်(မြောက်) | လားရှိုး | ၈၉ | ၆၇ | ၇၈ | ၇၂ | ၄၇ |
| ၄။ | ရှမ်းပြည်နယ်(တောင်) | တောင်ကြီး | ၈၁ | ၆၄ | ၇၃ | ၇၃ | ၃၈ |
| ၅။ | ရှမ်းပြည်နယ်(အရှေ့) | ကျိုင်းတုံ | ၉၀ | ၆၈ | ၇၉ | ၇၀ | ၄၉ |
| ၆။ | ကယားပြည်နယ် | လွိုင်ကော် | ၈၈ | ၇၀ | ၇၉ | ၇၃ | ၄၃ |
| ၇။ | ကရင်ပြည်နယ် | ဘားအံ | ၉၃ | ၇၆ | ၈၄ | ၈၂ | ၃၈ |
| ၈။ | မွန်ပြည်နယ် | မော်လမြိုင် | ၉၁ | ၇၆ | ၈၄ | ၈၃ | ၃၅ |
| ၉။ | ရခိုင်ပြည်နယ် | စစ်တွေ | ၉၁ | ၇၇ | ၈၄ | ၈၁ | ၃၆ |
| ၁၀။ | နေပြည်တော် | ရေဆင်း | ၉၇ | ၇၆ | ၈၇ | ၇၄ | ၅၀ |
| ၁၁။ | မန္တလေးတိုင်းဒေသကြီး | မန္တလေး | ၉၈ | ၇၉ | ၈၉ | ၆၈ | ၅၃ |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး (အထက်) | ဟုမ္မလင်း | ၉၃ | ၇၁ | ၈၂ | ၇၅ | ၄၈ |
| ၁၃။ | စစ်ကိုင်းတိုင်းဒေသကြီး (အောက်) | မုံရွာ | ၁၀၀ | ၇၈ | ၈၉ | ၆၉ | ၅၇ |
| ၁၄။ | မကွေးတိုင်းဒေသကြီး | မကွေး | ၁၀၁ | ၇၆ | ၈၈ | ၆၅ | ၆၂ |
| ၁၅။ | ပဲခူးတိုင်းဒေသကြီး (တောင်) | ပဲခူး | ၉၄ | ၇၅ | ၈၄ | ၇၉ | ၄၃ |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး (အရှေ့) | တောင်ငူ | ၉၆ | ၇၆ | ၈၆ | ၇၆ | ၄၇ |
| ၁၇။ | ပဲခူးတိုင်းဒေသကြီး (အနောက်) | ပြည် | ၉၇ | ၇၈ | ၈၈ | ၇၂ | ၄၉ |
| ၁၈။ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန် | ၉၄ | ၇၅ | ၈၅ | ၇၈ | ၄၃ |
| ၁၉။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ၉၄ | ၇၇ | ၈၆ | ၇၇ | ၄၂ |
| ၂၀။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၉၀ | ၇၄ | ၈၂ | ၈၅ | ၃၃ |